# စက်မှုဝန်ကြီးဌာန

## စက်မှုသတင်းလွှာ

အတွဲ(၁)၊ အမှတ်(၄)၊ ၂၀၂၂ ခုနှစ် (ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ)

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) အား ကြည့်ရှုစစ်ဆေး

စာမျက်နှာ ၁၁ သို့-





ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) အတွင်း ဝယ်ယူပြီးစက်ပစ္စည်းများ အမိုးအကာအောက်သို့ သိုလှောင်ထားရှိနိုင်ရေးအတွက် တည်ဆောက်လျက်ရှိသည့် Cold Mill Complex အား ကြည့်ရှုစစ်ဆေးစဉ်။

## အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) သည် သံနှင့်သံမဏိများထုတ်လုပ်ရန် အဓိကကျသောသံစိမ်းများကိုထုတ်လုပ်မည်ဖြစ်၍ အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်ရန်မှာကြား

စာမျက်နှာ ၃ သို့-

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဘွဲ့ရလာကိုင်တွယ်ထိန်းသိမ်းသူများ သင်တန်း အမှတ်စဉ် (၁/၂၀၂၂) သင်တန်းဆင်းပွဲတက်ရောက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံများအားကြည့်ရှုစစ်ဆေး

စာမျက်နှာ ၄ သို့-

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) အား ကြည့်ရှုစစ်ဆေး

စာမျက်နှာ ၈ သို့-



## ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်ရုံများအား ကြည့်ရှုစစ်ဆေး

စာမျက်နှာ ၁၄ သို့-

စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊
ဇေယျာဌာနီလမ်း၊ နေပြည်တော်။
ဖုန်း- ၀၆၇-၃၄၀၅၀၄၂

စက်မှုဝန်ကြီးဌာနမှ (၃) လ တစ်ကြိမ် ထုတ်ဝေသည်။

# စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း

## ၂၀၂၁-၂၀၂၂ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းသားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဇူလိုင်လ ၁ ရက်နေ့ နေ့လယ် ၁ နာရီတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် ၂၀၂၁-၂၀၂၂ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် စက်မှုဝန်ကြီးဌာနမှဝန်ထမ်းများ၏သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်သည့်အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ ***(ပုံ)***





ပြည်ထောင်စုဝန်ကြီးက ၂၀၂၁-၂၀၂၂ ခု ပညာသင်နှစ်တွင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် စက်မှုဝန်ကြီးဌာန ဝန်ထမ်းများ၏သားသမီးများကို ဂုဏ်ပြုဆုချီးမြှင့်သည့်အခမ်းအနားဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးများဖြင့်ထူးချွန်စွာအောင်မြင်ကြသည့် ဝန်ထမ်းသားသမီးများကို နှစ်စဉ်ဂုဏ်ပြုဆုများချီးမြှင့်ခဲ့သော်လည်း ၂၀၁၉-၂၀၂၀ ခု ပညာသင်နှစ်တွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများကို ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပပြုလုပ်နိုင်ခြင်းမရှိခဲ့ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ဝန်ထမ်းသားသမီးများကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် အနာဂတ်နိုင်ငံတော်တာဝန်များကို ပခုံးပြောင်းလက်ဆင့်ကမ်းရယူကြမည့် ကျောင်းသား၊ ကျောင်းသူမျိုးဆက်သစ်များ၏ ကြိုးစားအားထုတ်မှုများကို အသိအမှတ်ပြုခြင်းဖြစ်သည့်အပြင် ထူးချွန်ထက်မြက်သည့်အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာအောင်လည်း တိုက်တွန်းနှိုးဆော်သည့်သဘောဖြစ်ကြောင်း ပြောကြားသည်။

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူး (၅) ဘာသာဖြင့် အောင်မြင်ခဲ့သည့် ကျောင်းသားကျောင်းသူများအားလည်းကောင်း၊ ဒုတိယဝန်ကြီးက (၄) ဘာသာဂုဏ်ထူးရရှိသူများကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက (၃) ဘာသာ၊ (၂) ဘာသာ၊ (၁) ဘာသာဂုဏ်ထူးရရှိသူများကိုလည်းကောင်း အသီးသီးဂုဏ်ပြုဆုများ ချီးမြှင့်ကြပြီး ထူးချွန်ဆုရကျောင်းသားကျောင်းသူများကိုယ်စား (၅) ဘာသာဂုဏ်ထူးရှင် မခင်သော်တာမှ ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။



၂၀၂၁-၂၀၂၂ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲတွင် စက်မှုဝန်ကြီးဌာနမှဝန်ထမ်းသားသမီး (၂၄၆) ဦး အောင်မြင်ခဲ့ပြီး ၎င်းတို့အနက်မှ (၅) ဘာသာဂုဏ်ထူးရှင် ၄ ဦး၊ (၄) ဘာသာဂုဏ်ထူးရှင် ၇ ဦး၊ (၃) ဘာသာဂုဏ်ထူးရှင် ၁၂ ဦး၊ (၂) ဘာသာဂုဏ်ထူးရှင် ၁၉ ဦး၊ (၁) ဘာသာဂုဏ်ထူးရှင် ၆၇ ဦး၊ စုစုပေါင်း ၁၀၉ ဦး ဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများ၏ကြိုးစားအားထုတ်မှုဖြင့် အောင်မြင်အောင်ဆောင်ရွက်ရရှိခဲ့သည့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ ချီးမြှင့်ပေးအပ်သော Professional Engineer (PE) မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်ရ အရာထမ်း ၂ ဦး၊ မြန်မာနိုင်ငံစာရင်းအင်းကောင်စီမှကျင်းပသော Certified Public Accountant (CPA) Part II အောင်မြင်ခဲ့သည့် အရာထမ်း ၂ ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်သည်။

***စာမျက်နှာ ၃ သို့-***

မျက်နှာဖုံးမှ -

# အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) သည် သံနှင့်သံမဏိများထုတ်လုပ်ရန် အဓိကကျသောသံစိမ်းများကိုထုတ်လုပ်မည်ဖြစ်၍ အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်ရန်မှာကြား

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဇူလိုင်လ ၂ ရက်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ အေးသာယာစက်မှုဇုန်ရှိ ခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့သို့ ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ညွှန်ကြားရေးမှူးချုပ်က ရှမ်းပြည်နယ်အတွင်းရှိ စက်မှုဇုန်များအခြေအနေ၊ စက်မှုမှတ်ပုံတင်ပြုလုပ်ပေးနေမှု၊ ဘွိုင်လာနှင့်လျှပ်စစ်အသုံးပြုလုပ်ငန်းများ စစ်ဆေးပေးမှု၊ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးပေးနေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) သို့ရောက်ရှိပြီး စက်ရုံအစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။ တွေ့ဆုံစဉ်တာဝန်ရှိသူများက Waste Heat Boiler နှင့် ပတ်သက်သည့် လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်ကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ၏မေးမြန်းတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဇူလိုင်လ ၃ ရက်နေ့ နံနက်ပိုင်းတွင် အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးအား ခေတ္တစက်ရုံမှူးနှင့်တာဝန်ရှိသူများက စက်ရုံပြန်လည်လည်ပတ်နိုင်ရေး စက်ပစ္စည်းများပြင်ဆင်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက စက်ပစ္စည်းများစစ်ဆေးပြုပြင်သည့်လုပ်ငန်းများကို အချိန်ဇယားနှင့်အညီဆောင်ရွက်ရန်နှင့် အရည်အသွေးပြည့်ဝစွာ ပြီးမြောက်နိုင်ရေးကြပ်မတ်ဆောင်ရွက်ရန်၊ *အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) သည် သံနှင့်သံမဏိများထုတ်လုပ်ရန် အဓိကကျသောသံစိမ်းများကို ထုတ်လုပ်မည်ဖြစ်၍ အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်ရန်၊ သံနှင့်သံမဏိပစ္စည်းများ၏ ဓာတုနှင့် ရုပ်ပိုင်းဆိုင်ရာဂုဏ်သတ္တိတို့ တိုင်းတာသည့် စက်ပစ္စည်းများ ဝယ်ယူဖြည့်တင်းရန်၊ ရေးဆွဲနေသည့် Waste Heat Boiler အစိတ်အပိုင်း၏ဒီဇိုင်းနှင့်ပတ်သက်သည့် ပုံစံတူဒီဇိုင်းများနှင့် အသေးစိတ်ရုပ်ပုံကားချပ်များကို စနစ်တကျသိမ်းဆည်းထားရန်၊ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေး အစီအမံများရေးဆွဲဆောင်ရွက်ရန်နှင့် သံစိမ်းထုတ်လုပ်သည့် နည်းပညာများနှင့် စက်ထိန်းချုပ်ခံစနစ်များအား လက်ဆင့်ကမ်းပေးနိုင်ရေးအတွက် သင်တန်းများဖွင့်လှစ်ရန်* မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Romelt Shop, Waste Heat Boiler, 2 Lift Pump House, Ore Preparation Unit,Air Separation Unit အတွင်းရှိ စက်ပစ္စည်းများနှင့် လျှပ်စစ်ပစ္စည်းများစစ်ဆေးပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ *(ပုံ)*



***စာမျက်နှာ ၂ မှ-***

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ထူးချွန်ဆုရကျောင်းသားကျောင်းသူများနှင့် မိဘများ၊ စက်မှုဝန်ကြီးဌာနမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**RESOURCES ARE LIMITED.**

**CREATIVITY IS UNLIMITED.**

မျက်နှာဖုံးမှ -

# စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူများသင်တန်း အမှတ်စဉ် (၁/၂၀၂၂) သင်တန်းဆင်းပွဲ တက်ရောက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံများအား ကြည့်ရှုစစ်ဆေး



ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူများ သင်တန်းအမှတ်စဉ် (၁/၂၀၂၂) သင်တန်းဆင်းပွဲအခမ်းအနားကို ဇူလိုင်လ ၉ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်ရှိ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၌ ကျင်းပပြုလုပ်ရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးဇော်ဝင်းနှင့် ဥပဒေချုပ် ဦးဌေးအောင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း ဒုတိယဥက္ကဋ္ဌ၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သင်တန်းနည်းပြများ၊ သင်တန်းသားများနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်းအမှာစကားပြောကြားရာတွင် ဘွိုင်လာများကို မြန်မာနိုင်ငံ၌ကုန်းဘောင်ခေတ်နှောင်းကာလဖြစ်သည့် ရတနာပုံခေတ်တွင် ရှိခဲ့သည့်စက်ရုံပေါင်း ၅၀ ကျော်အနက် လက်နက်စက်ရုံ၊ ရက်ကန်းစက်ရုံ၊ သစ်စက်နှင့်ဘွိုင်လာပြုလုပ်သည့်စက်ရုံ၊ သံစက်ရုံတို့တွင် အသုံးပြုခဲ့ကြောင်း၊ ကိုလိုနီခေတ်မြန်မာနိုင်ငံတွင်လည်း ဆန်စက်၊ သစ်စက်၊ ဆီစက်၊ သကြားစက်၊ ရေနံချက်စက်တို့၌ ဘွိုင်လာကိုအသုံးပြုခဲ့ကြောင်း၊ ၁၉၁၄ ခုနှစ်မှစတင်၍ Burma Bioler Commission (BBC) ကိုဖွဲ့စည်းပြီး မြန်မာနိုင်ငံတွင်အသုံးပြုလျက်ရှိသောဘွိုင်လာများကို စစ်ဆေးစေခဲ့ကြောင်း၊ ၁၉၂၃ ခုနှစ်တွင် Burma Boiler Commission ကိုဖျက်သိမ်းပြီး မြန်မာနိုင်ငံတော်ရေနွေးအိုးလက်စွဲဥပဒေ (Burma Boiler Manual) ကို ပြဋ္ဌာန်းခဲ့ကြောင်း၊ ၁၉၄၆ ခုနှစ်တွင် ဘွိုင်လာစစ်ဆေးရေးဌာနသည် စက်မှုလက်မှုနှင့်အလုပ်သမားဝန်ကြီးဌာနလက်အောက်၌ ဌာနခွဲကြီးတစ်ခုအဖြစ်တည်ရှိခဲ့သော်လည်း မြန်မာနိုင်ငံလွတ်လပ်ရေးရသည့် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှစ၍ ဘွိုင်လာစစ်ဆေးရေးဌာနသည် စက်မှုလက်မှုနှင့်သတ္တုတွင်းဝန်ကြီးဌာနလက်အောက်သို့ ရောက်ရှိခဲ့ကြောင်း၊ ၁၉၅၃ ခုနှစ်တွင် စက်မှုလက်မှုနှင့်သတ္တုတွင်းဝန်ကြီးဌာနကို စက်မှုလက်မှုဝန်ကြီးဌာနနှင့်သတ္တုတွင်းဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့သဖြင့် ဘွိုင်လာစစ်ဆေးရေးဌာနသည် စက်မှုလက်မှုဝန်ကြီးဌာနလက်အောက်သို့ရောက်ရှိလာခဲ့ပြီး စက်ရေနွေးအိုးစစ်ဆေးရေးဌာနဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ကြောင်း၊ ၁၉၅၅ ခုနှစ်မှစ၍ မြန်မာအင်ဂျင်နီယာဘွဲ့ရများသည် စစ်ဆေးရေးမှူးများအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ကြောင်း၊ ၁၉၈၄ ခုနှစ်တွင် ဘွိုင်လာဥပဒေအသစ်နှင့် ဘွိုင်လာဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းထုတ်ပြန်ကြေညာခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် လက်ရှိကျင့်သုံးနေသည့် ဘွိုင်လာဥပဒေကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် ဘွိုင်လာဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း အတည်ပြုပြဋ္ဌာန်းခဲ့ကြောင်းပြောကြားသည်။

ဆက်လက်၍ စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စွမ်းဆောင်ရည်မြင့်မားသည့်ဘွိုင်လာများ၊ ဘွိုင်လာအသုံးပြုလုပ်ငန်းများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စီးပွားရေးကဏ္ဍလျင်မြန်စွာအားကောင်းလာရန် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ စက်မှုလုပ်ငန်းအများအပြားသည် ဘွိုင်လာကို မရှိမဖြစ်မှီခိုနေရကြောင်း၊ ယခုသင်တန်းအား တက်ရောက်အောင်မြင်ပြီးကြသည့် ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူများအနေဖြင့် မိမိစက်ရုံအလုပ်ရုံများတွင်ရှိသည့်ဘွိုင်လာများကို ဘေးအန္တရာယ်ကင်းရှင်းစွာအသုံးပြုနိုင်ရေး၊ ပျက်စီးယိုယွင်းမှု နည်းနိုင်သမျှနည်းအောင် ထိန်းသိမ်းပြီး သက်တမ်းပြည့်အသုံးပြုနိုင်ရေး၊ ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူများအနေဖြင့် ကျွမ်း

စာမျက်နှာ ၅ သို့-

***စာမျက်နှာ ၄ မှ-***

ကျင်ပြီး သတိရှိရှိကြိုးစားလုပ်ဆောင်လျှင် ဘေးအန္တရာယ်ကင်းပြီး ဘွိုင်လာ၏စွမ်းဆောင်ရည်ကို အပြည့်အဝအသုံးပြုနိုင်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာပြီး စီးပွားရေးကဏ္ဍများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့်စက်မှုကဏ္ဍ၏ အစိတ်အပိုင်းတစ်ရပ်တွင်ပါဝင်နေသည့် ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူများသည် မိမိတို့၏လုပ်ငန်းခွင်သို့ပြန်လည်ရောက်ရှိလာသည့်အခါတွင် သင်တန်းမှလေ့လာသင်ကြားပေးခဲ့သည့် ပညာရပ်များကို ထိထိရောက်ရောက် ပြန်လည်အသုံးပြုသွားပြီး လုပ်ငန်းတာဝန်များကို အန္တရာယ်ကင်းရှင်းစွာဖြင့် ပိုမိုကြိုးစားထမ်းဆောင်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်း၌ ထူးချွန်ဆုရရှိခဲ့သည့်သင်တန်းသား ၃ ဦးအား ဆုများချီးမြှင့်ပေးအပ်ပြီး***(ပုံ)***




သင်တန်းသားခေါင်းဆောင်အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

ဘွိုင်လာစစ်ဆေးရေးသင်တန်းကို ဘွိုင်လာမတော်တဆ ချို့ယွင်းမှုများကြောင့် အသက်နှင့်ပစ္စည်းများ ဆုံးရှုံးမှုများမှကာကွယ်ရန်၊ ဘွိုင်လာများသက်တမ်းကြာရှည်စွာနှင့် စွမ်းရည်ပြည့်အသုံးပြုနိုင်ရေးတို့အတွက် စနစ်တကျထိန်းသိမ်းကြပ်မတ်ပေးရန်တို့ကိုရည်ရွယ်ပြီး ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူများသင်တန်း (၆၅) ကြိမ်ဖွင့်လှစ်ခဲ့ပြီး ဝန်ကြီးဌာနများမှ ၂,၂၀၆ ဦး၊ ပုဂ္ဂလိကမှ ၂,၀၀၉ ဦး၊ စုစုပေါင်း ၄,၂၁၅ ဦးတို့ကို လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်သည်။ အဆိုပါသင်တန်းအား ရက်သတ္တပတ် ၈ ပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး ဝန်ကြီးဌာနများနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ သင်တန်းသား ၃၇ ဦး တက်ရောက်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စက်မှုလက်မှုသမိုင်းမှတ်တမ်းပြုစုရေးသားထုတ်ဝေနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ရာ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံစက်မှုလက်မှုလုပ်ငန်းသမိုင်းပြုစုရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များမှ စက်မှုလက်မှုသမိုင်းမှတ်တမ်းပြုစုထုတ်ဝေနိုင်ရေးအတွက် ဆောင်ရွက်မှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့သည့်အခြေအနေများ၊ ယခုလက်ရှိဆောင်ရွက်နေမှုများကို နောင်မျိုးဆက်သစ်များ မှန်ကန်စွာသိရှိလေ့လာနိုင်ရေးအတွက် ပြုစုရေးဆွဲရခြင်းဖြစ်ကြောင်း၊ စက်မှုလက်မှုသမိုင်းရေးဆွဲရာတွင် ခိုင်မာတိကျသည့်အထောက်အထားများဖြင့် ဝိုင်းဝန်းကြိုးစားပြုစုရေးသားကြပါရန် လမ်းညွှန်မှာကြားပြီး မြန်မာနိုင်ငံစက်မှုလက်မှုလုပ်ငန်းသမိုင်းပြုစုရေးလုပ်ငန်း ကော်မတီအဖွဲ့ဝင်များ၏ အကြံပြုဆွေးနွေးမှုများကို ညှိနှိုင်းပေါင်းစပ်ပေးခဲ့သည်။

နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မင်္ဂလာဒုံစက်မှုဇုန်ရှိ SC Auto (Myanmar) Co.,Ltd. ၏ SC NEUSTAR အမျိုးအစား ခရီးသည်တင်မော်တော်ယာဉ်များအား CKD စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်နေမှုအခြေအနေ၊ မော်တော်ယာဉ်များ၏ကြံ့ခိုင်မှုအခြေအနေကို အထောက်အကူပြုစက်ပစ္စည်းကိရိယာများဖြင့် စမ်းသပ်နေမှုကိုကြည့်ရှုလေ့လာပြီး သုံးစွဲသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးအတွက် တပ်ဆင်ထုတ်လုပ်သည့် အဆင့်တိုင်းအား အလေးထားကြပ်မတ်စစ်ဆေးရန်၊ ဝန်ထမ်းများ၏စွမ်းဆောင်ရည်များ တိုးတက်မြင့်မားရေးအတွက် စင်ကာပူနိုင်ငံမှပညာရှင်များအားဖိတ်ခေါ်၍ သင်တန်းများဖွင့်လှစ်နေမှုကို စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရန်၊ ဝန်ထမ်းများ၏ကျွမ်းကျင်မှုများအလိုက် အသိအမှတ်ပြုလက်မှတ်များရရှိအောင် စီမံဆောင်ရွက်ရန် လမ်းညွှန်မှာကြားသည်။

ဇူလိုင်လ ၁၀ ရက်နေ့ နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သုတေသနဌာနဝင်းအတွင်း၌ မူလဓာတ်ခွဲခန်းတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အင်းစိန်မြို့နယ်ရှိ ဆေးဝါးစက်ရုံ (အင်းစိန်) ရှိ စက်ရုံအထိမ်းအမှတ်ပြခန်းတည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အလားတူ ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင်လ ၁၅ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိ လျှပ်စစ်စစ်ဆေး ရေးသင်တန်းခန်းမ၌ ကျင်းပပြုလုပ်သည့် လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၂၂) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိခဲ့သည့် သင်တန်းသား ၃ ဦးအား ဆုများချီးမြှင့်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စက်ရုံများစစ်ဆေး၊

## အင်ဂျင်နီယာပညာရေး အသိအမှတ်ပြုခြင်းဆိုင်ရာ နိုင်ငံတကာညီလာခံ ၂၀၂၂ အစမ်းအနားတက်ရောက်

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဇူလိုင်လ ၁၅ ရက်နေ့ နေ့လယ်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးဝန်ကြီး ဦးတင်အေးနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ ဧရာဝတီတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနသို့ရောက်ရှိရာ အစည်းအဝေးခန်းမ၌ ဦးစီးမှူးက ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များအခြေအနေ၊ စက်မှုလုပ်ငန်းများ ကြီးကြပ်စစ်ဆေးမှတ်ပုံတင်ခြင်း၊ ဘွိုင်လာနှင့်လျှပ်စစ်များ စစ်ဆေးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များစနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားကြပ်မတ်ဆောင်ရွက်ရန်၊ စက်ရုံများတည်ဆောက်ရာတွင် တာဝန်ထမ်းဆောင်မည့် လုပ်သားများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးကြပ်မတ်ရန်၊ ဝန်ထမ်းများအနေဖြင့် စက်မှုလုပ်ငန်းများအား စစ်ဆေးကြပ်မတ်မှတ်ပုံတင်ပေးနေရုံဖြင့် ကျေနပ်မနေဘဲ စက်ရုံစတင်တည်ဆောက်မည့် အဆောက်အဦ Plan များ၊ စက်တပ်ဆင်မည့် Layout Plan များကိုလည်း စစ်ဆေးကြပ်မတ်နိုင်ရေးဆောင်ရွက်ရန်နှင့် ***နိုင်ငံတော်၏ကိုယ်စား ဆောင်ရွက်ရသည်ဖြစ်၍ Regulatory တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်နိုင်ရေး ကြိုးစားဆောင်ရွက်ရန်၊*** ရေးဆွဲလျက်ရှိသည့် စက်မှုဇုန်နည်းဥပဒေတွင် စစ်ဆေးကြပ်မတ်ရမည့်အချက်များကို ပြည့်ပြည့်စုံစုံထည့်သွင်းရေးဆွဲသွားရန်၊ Regulatory တာဝန်များကို ပြည့်ဝစွာထမ်းဆောင်နိုင်ရေးအတွက် နိုင်ငံတကာတွင်ကျင့်သုံးနေသည့်ဥပဒေများကို လေ့လာသွားကြရန်၊ အင်ဂျင်နီယာဘွဲ့ရဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှထုတ်ပေးလျက်ရှိသည့် အသိအမှတ်ပြုလက်မှတ်များရရှိရေး ဆောင်ရွက်သွားရန်နှင့် အတိုင်ပင်ခံအင်ဂျင်နီယာများဖြစ်သည်အထိ ကြိုးစားဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သာပေါင်းမြို့ရှိ အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) သို့ရောက်ရှိရာ စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူးက စက်ရုံဆိုင်ရာအချက်အလက်များ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စက်ရုံရှိအဆောက်အဦ၊ မြေ၊ စက်ပစ္စည်းတို့နှင့်ပတ်သက်သည့် ပုံသေပိုင်ပစ္စည်းစီမံခန့်ခွဲမှုအား စနစ်တကျအလေးထားဆောင်ရွက်ရန်၊ စက်ရုံရှိ စက်ပစ္စည်းကိရိယာများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး အစဉ်အမြဲထိန်းသိမ်းဆောင်ရွက်ရန်၊ စက္ကူ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း
သာပေါင်းမြို့ရှိ အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) အတွင်း
လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

ထုတ်လုပ်မှုလုပ်ငန်းများနှင့်ပတ်သက်၍ နောက်ဆုံးပေါ်နည်းပညာများရရှိရေးလေ့လာရန်နှင့် ဆင့်ပွားသင်တန်းများ ပြုလုပ်ပေးရန်၊ စက်ရုံအနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် Business Plan များ ရေးဆွဲဆောင်ရွက်ရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် သွင်းအားစုများ၏ဈေးနှုန်းကို တစ်သမတ်တည်းထား၍ မတွက်ချက်ဘဲ ဖြစ်ပေါ်လာနိုင်သည့်ဈေးနှုန်းများဖြင့် တွက်ချက်ထားရန်နှင့် လေ့လာစဉ်းစားသုံးသပ်ထားရန် လမ်းညွှန်မှာကြားခဲ့သည်။

ဇူလိုင်လ ၁၆ ရက်နေ့ နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် ကမ္ဘာ့အင်ဂျင်နီယာအဖွဲ့ချုပ်၏ အင်ဂျင်နီယာပညာရေးကော်မတီတို့ပူးပေါင်း၍ မြန်မာနိုင်ငံမှအိမ်ရှင်အဖြစ် ကျင်းပပြုလုပ်သည့် အင်ဂျင်နီယာပညာရေးအသိအမှတ်ပြုခြင်းဆိုင်ရာ နိုင်ငံတကာညီလာခံ ၂၀၂၂ အခမ်းအနားကို Hybrid စနစ်ဖြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။ ***(ပုံ)***

***စာမျက်နှာ ၇ သို့-***



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်ရုံများကို ကြည့်ရှုစစ်ဆေး

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်နှင့်အတူ ဇူလိုင်လ ၂၄ ရက်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ အမှတ် (၈) အထည်စက်ရုံ (ရမည်းသင်း) သို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ အထွေထွေမန်နေဂျာများနှင့်စက်ရုံမှူးတို့က စက်ရုံလည်ပတ်အကောင်အထည်ဖော်မှု၊ ဆက်စပ်ဝန်ကြီးဌာနများမှ အမှာစာပေးပို့ထားမှုအရ ဆောင်ရွက်ပေးနေမှုနှင့်ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးတိုးတက်ကောင်းမွန်စေရေးအတွက် ကုန်ထုတ်လုပ်မှုအဆင့်တိုင်း၌ အရည်အသွေးထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထားကြပ်မတ်ဆောင်ရွက်ရန်၊ စက်ရုံအနေဖြင့် သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်နေခြင်းဖြစ်၍ အောင်မြင်အောင် ကြိုးစားဆောင်ရွက်ရန်၊ ဝန်ထမ်းများအနေဖြင့် ကျွမ်းကျင်တတ်မြောက်ထားသည့် ပညာရပ်များ တိုးတက်မြင့်မားလာစေရေးအတွက် အစဉ်အမြဲကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် အမှတ် (၈) အထည်စက်ရုံ (ပျော်ဘွယ်) သို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ စက်ရုံမှူးနှင့်တာဝန်ရှိသူတို့က လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စက်ရုံများအနေဖြင့် စက်မှုလုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းကို ပေါင်းစပ်ဆောင်ရွက်နေခြင်းဖြစ်၍ စနစ်တကျလေ့လာပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊ တစ်ယူနစ်ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့နည်းသက်သာရေးနှင့် အရည်အသွေးမီ ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရန်၊ စက်ရုံများအနေဖြင့် လုပ်ငန်းလည်ပတ်အကောင်အထည်ဖော်ရာတွင် Business Plan များ ရေးဆွဲဆောင်ရွက်ရန်၊ နိုင်ငံအတွင်း၌ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လျှင် သွင်းကုန်အစားထိုးနိုင်ပြီး နိုင်ငံခြားငွေသုံးစွဲရမှုသက်သာသဖြင့် အောင်မြင်အောင်ကြိုးစားဆောင်ရွက်ရန်၊ စက်ရုံရေရှည်ရပ်တည် လည်ပတ်နိုင်ရေးအတွက် ဝန်ထမ်းအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်မှာကြားပြီး ချည်များထုတ်လုပ်နေမှု လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ချည်မျှင်ဓာတ်ခွဲခန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ *(ပုံ)*



**စာမျက်နှာ ၆ မှ-**

ညီလာခံတွင် အနာဂတ်အင်ဂျင်နီယာနှင့်ပတ်သက်သည့် ဆန်းသစ်သောစိတ်ကူးစိတ်သန်းများကိုမျှဝေပေးမည့် ဂုဏ်ထူးဆောင် ဟောပြောသူများ၊ ကိုဗစ်လွန်ကာလတွင် အစီအစဉ်များကို အရှိန်မြှင့်ပေးခြင်း၊ ကမ္ဘာတစ်ဝန်းရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် ရည်မှန်းချက်များချမှတ်ခြင်း၊ အရည်အသွေးအာမခံစနစ်များ၊ အသိအမှတ်ပြုခြင်းစနစ်နှင့် နိုင်ငံတကာနှင့် ဒေသန္တရအင်ဂျင်နီယာပညာရေးအတွက် အကောင်းဆုံးအလေ့အကျင့်များအကြောင်း စေ့စေ့စပ်စပ်ဆွေးနွေးနိုင်ရေး ရည်ရွယ်ချက်ဖြင့် ***အရည်အသွေးပြည့်ဝသည့် အင်ဂျင်နီယာပညာရေးမှသည် အနာဂတ်အင်ဂျင်နီယာပညာရပ်ဆီသို့***ဟူသော ခေါင်းစဉ်ဖြင့် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့မှ ၁၇ ရက်နေ့အထိ ၂ ရက်တာ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံပေါင်း ၁၀ နိုင်ငံမှ ဂုဏ်ထူးဆောင်ဟောပြောသူများ တက်ရောက်ဆွေးနွေးပြီး ပြည်တွင်းနည်းပညာတက္ကသိုလ်များရှိ ဆရာ/ဆရာမများမှ စာတမ်းများဖတ်ကြားခဲ့ကြသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအနေဖြင့် အာရှပစိဖိတ်အင်ဂျင်နီယာအသင်းချုပ်နှင့် ကမ္ဘာ့အင်ဂျင်နီယာအသင်းချုပ်တို့၏ အသိအမှတ်ပြုမှုများရရှိခဲ့ပြီး ဝါရှင်တန်သဘောတူညီချက်တွင်လည်း ပါဝင်လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

မျက်နှာဖုံးမှ -

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) အား ကြည့်ရှုစစ်ဆေး



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အဆင့်မြင့်စက္ကူထုတ်စက်ရုံ(သာပေါင်း) အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ဧရာဝတီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ဇူလိုင်လ ၃၀ ရက်နေ့ နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့ရှိ အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း)အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက စက်ရုံသမိုင်းအကျဉ်း၊ စက်ရုံဆိုင်ရာအချက်အလက်များနှင့် ဘဏ္ဍာရေးဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တန် (၅၀) အဆင့်မြင့်စက္ကူထုတ်စက်ရုံ၊ ကလိုရင်းဒိုင်အောက်ဆိုဒ်ထုတ်လုပ်ရေးဌာန၊ ဓာတ်ဆားပြန်ထုတ်ဌာနနှင့် ရေဆိုးသန့်စင်ရေးဌာနတို့ကို ကြည့်ရှုစစ်ဆေးသည်။ *(ပုံ)*



ဇူလိုင်လ ၃၁ ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံကုန်ကြမ်းစိုက်ကွင်းအတွင်းကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်၍ မဟော်ဂနီပင်ကို စိုက်ပျိုးပေးသည်။ *(ပုံ)*



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံဝန်ထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရန် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ ဒေသအတွင်း နည်းပညာတက္ကသိုလ်များတွင် တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများကိုလည်း စက်ရုံရှိ နည်းပညာများမှုဝေ လေ့ကျင့်သင်ကြားပေးနိုင်ရေး ညှိနှိုင်းစီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ယင်းနောက် အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) စက်ရုံမှူးနှင့် တာဝန်ရှိသူတို့က ကုန်ထုတ်လုပ်မှုနည်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

# မြန်မာနိုင်ငံစက်မှုလက်မှုသမိုင်းပြုစုရေးဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပခြင်းနှင့် လုပ်ငန်းခွင်ဝင်ရောက်မည့် အရာထမ်းများနှင့်တွေ့ဆုံသည့်အခမ်းအနားကျင်းပ

မြန်မာနိုင်ငံစက်မှုလက်မှုသမိုင်းပြုစုရေးဦးစီးကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လ ၅ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် ၇ မိုင်ရှိ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန၌ ကျင်းပပြုလုပ်ရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ မြန်မာနိုင်ငံစက်မှုလက်မှုသမိုင်းပြုစုရေးအကြံပေးအဖွဲ့များ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သတင်းအချက်အလက်ရှာဖွေစုဆောင်းရေး ဆပ်ကော်မတီဝင်များ၊ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စက်မှုဝန်ထမ်းဟောင်းများနှင့် စက်မှုဝန်ကြီးဌာနမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင်**(ပုံ)** မြန်မာ



နိုင်ငံ စက်မှုလက်မှုသမိုင်းပြုစုရေးသားခြင်းလုပ်ငန်းများ အမြန်ဆုံးအပြီးသတ်နိုင်ရေးနှင့်သတ်မှတ်အချိန်ကာလတွင် ထုတ်ဝေနိုင်ရေး ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ မြန်မာနိုင်ငံစက်မှုလက်မှုသမိုင်းပြုစုရာတွင် အချက်အလက်များမှန်ကန်အောင် အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံစက်မှုလက်မှုသမိုင်းနှင့်ပတ်သက်၍ မျိုးဆက်သစ်လူငယ်များဖတ်ရှုလေ့လာပြီး သိပ္ပံ၊ အင်ဂျင်နီယာနှင့်နည်းပညာဆိုင်ရာအသိပညာဗဟုသုတများ တိုးပွားလာစေရန် ရည်ရွယ်ပြုစုနေခြင်းဖြစ်ကြောင်း၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်သည့်အခါ၊ ဖွံ့ဖြိုးပြီးလုပ်ငန်းများကို ရေရှည်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သည့်အခါ၊ စက်မှုကဏ္ဍနှင့်ပတ်သက်၍ မျိုးဆက်သစ်လူငယ်များ လေ့လာသည့်အခါတို့တွင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သည့်အခြေခံများ၊ နည်းပညာများဆောင်ရွက်သည့် လုပ်ငန်းစဉ်များပါဝင်သော ကျောထောက်နောက်ခံပြုလုပ်နိုင်မည့် သိပ္ပံ၊ အင်ဂျင်နီယာနှင့်နည်းပညာဆိုင်ရာစာတမ်းကြီးတစ်ခုဖြစ်အောင် အားလုံးကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မျိုးဆက်သစ်လူငယ်များအနေဖြင့် အဆိုပါနည်းပညာစာတမ်းအားလေ့လာပြီး မှန်မှန်ကန်ကန် သုံးသပ်တွေးခေါ်နိုင်ခြင်း၊ သင်ခန်းစာယူနိုင်ခြင်း၊ တီထွင်ထုတ်လုပ်မှုပြုလုပ်နိုင်ခြင်း စသည်တို့ရရှိလျှင် မြန်မာနိုင်ငံစက်မှုလက်မှုသမိုင်းပြုစုရာတွင်ပါဝင်သည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများသည် အချိန်ကုန်၊ အပင်ပန်းခံရကျိုးနပ်မည်ဖြစ်ကြောင်း၊ ပညာရှင်ကြီးများနှင့် အငြိမ်းစားအရာရှိကြီးများအနေဖြင့် အတွေ့အကြုံအပေါ်အခြေခံ၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေမည်ကို ယုံကြည်ကြောင်း၊ မိမိတို့အနေဖြင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ အစည်းအဝေးသို့ တက်ရောက်လာသူများအနေဖြင့် မြန်မာနိုင်ငံစက်မှုလက်မှုသမိုင်းအား အချက်အလက်မှန်မှန်ကန်ကန်ဖြင့် အမြန်ဆုံးထုတ်ဝေနိုင်ရေးအတွက် ပွင့်ပွင့်လင်းလင်းဆွေးနွေးတင်ပြကြရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် မြန်မာနိုင်ငံစက်မှုလက်မှုသမိုင်းပြုစုရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့မှ မြန်မာနိုင်ငံစက်မှုလက်မှုသမိုင်းတွင် ပါဝင်သင့်သည့်အချက်များ၊ ကဏ္ဍများကို အသီးသီးဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အမှတ်တရဓာတ်ပုံရိုက်ကူး၍ အခမ်းအနားအား ရုပ်သိမ်းခဲ့သည်။

နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လုပ်ငန်းခွင်ဝင်ရောက်မည့် အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ် (၈) သင်တန်းဆင်းအရာထမ်းများအား မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်းရှိ လျှပ်စစ်ဓာတ်ခွဲခန်းနှင့်လျှပ်စစ်ကျွမ်းကျင်မှုသင်တန်းခန်းမ၌ တွေ့ဆုံပြီး စက်မှုဝန်ကြီးဌာနအနေဖြင့် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနနှင့် မြန်မာ့ဆေးဝါးလုပ်ငန်းတို့တွင် လစ်လပ်လျက်ရှိသည့် ဌာနခွဲမှူး၊ အလုပ်ရုံခွဲမှူးရာထူးနေရာများအတွက် ပြင်ပပုဂ္ဂိုလ် ၃၄ ဦးနှင့်နိုင်ငံ့ဝန်ထမ်း ၆ ဦးတို့ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့မှရွေးချယ်ခေါ်ယူ၍ နိုင်ငံ့ဝန်ထမ်း

***စာမျက်နှာ ၁၀ သို့-***

***စာမျက်နှာ ၉ မှ-***

တက္ကသိုလ်တွင် အရာထမ်းအခြေခံသင်တန်း တက်ရောက်အောင်မြင်ပြီး လုပ်ငန်းခွင်မဝင်မီ မှာကြားစရာရှိသည်များကို မှာကြားလို၍ တွေ့ဆုံခြင်းဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနတွင် ဝန်ကြီးရုံး၊ ဦးစီးဌာန (၂) ခု၊ စက်မှုလုပ်ငန်း (၄) ခုတို့ဖြင့် လုပ်ငန်းလည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနသို့ ရောက်ရှိတာဝန်ထမ်းဆောင်ထမ်းငယ်များအနေဖြင့် ဌာန၏မူဝါဒများကို သိရှိနားလည်ပြီး ကိုယ်ကျင့်တရားကောင်းမွန်၍ နိုင်ငံတော်မှအားကိုးအားထားရသည့် အရာထမ်းကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန်နှင့် မိမိတို့၏စွမ်းဆောင်ရည်များ တိုးတက်မြင့်မားစေရေးအတွက် အစဉ်အမြဲလေ့လာသင်ယူသွားကြရန် လမ်းညွှန်မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် အရာထမ်းအင်ဂျင်နီယာဝန်ထမ်းများအား နိုင်ငံတကာအမှတ်စဉ် (၈) တွင် သင်တန်းသူစံပြထူးချွန်ဆုနှင့် သင်တန်းသူစာပေထူးချွန်ဆုရ အရာထမ်း ၂ ဦးအား ဂုဏ်ပြုဆုငွေများချီးမြှင့်ပြီး လုပ်ငန်းခွင်သို့ဝင်ရောက်မည့် အရာထမ်းငယ်များအား တစ်ဦးချင်း ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

အလားတူ မြန်မာနိုင်ငံစက်မှုလက်မှုသမိုင်းပြုစုရေး ဦးစီးကော်မတီအကြံပေးအဖွဲ့နှင့် လုပ်ငန်းကော်မတီပူးပေါင်းအစည်းအဝေး (၃၂/၂၀၂၂) ကို စက်တင်ဘာလ



**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနနှင့် မြန်မာ့ဆေးဝါးလုပ်ငန်းတို့တွင် လုပ်ငန်းခွင်သို့ဝင်ရောက်မည့် အရာထမ်းများနှင့် တွေ့ဆုံစဉ်။**

မည့်အရာရှိငယ်များကို ဘွိုင်လာစစ်ဆေးရေးဌာနသမိုင်းကြောင်းနှင့် လုပ်ငန်းတာဝန်များ၊ ဘွိုင်လာကျွမ်းကျင်မှုအထူးသင်တန်းဖွင့်လှစ်ရန် စီမံချက်ရေးဆွဲပြီးအခြေအနေကိုလည်းကောင်း၊ လျှပ်စစ်စစ်ဆေးရေးဌာန၏ သမိုင်းကြောင်းအကျဉ်းနှင့်လုပ်ငန်းတာဝန်များ လျှပ်စစ်ဆိုင်ရာစစ်ဆေးခြင်း၊ ဓာတ်ခွဲခန်းစမ်းသပ် စစ်ဆေးခြင်း၊ ဓာတ်လိုက်မှုစစ်ဆေးခြင်း၊ လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်ထုတ်ပေးခြင်း၊ လျှပ်စစ်ကျွမ်းကျင်မှုသင်တန်းများဖွင့်လှစ်ခြင်း၊ လျှပ်စစ်ဆိုင်ရာအသိပညာပေး ဟောပြောပွဲများကျင်းပခြင်း စသည့်လုပ်ငန်းတာဝန် (၆) ရပ်ဖြင့် ဦးတည်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ မြန်မာ့ဆေးဝါးလုပ်ငန်းသမိုင်းကြောင်းနှင့် ဌာန၏မူဝါဒများကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး၊ အရာတွင်ကျင့်သုံးလျက်ရှိသော လုပ်ငန်းခွင်သို့ဝင်ရောက်ရာတွင် ဖြေဆိုရမည့် Fundamental Engineering (FE) စာမေးပွဲနှင့် ပတ်သက်သည့် သိသင့်သိထိုက်သောအချက်များအား Power Point ဖြင့် ရှင်းလင်းပို့ချပြီး FE စာမေးပွဲအား ဝင်ရောက်ဖြေဆိုနိုင်ရေး ကြိုတင်လေ့လာထားကြစေလိုကြောင်း၊ မိမိနိုင်ငံတွင်လည်း အင်ဂျင်နီယာများအတွက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ သတ်မှတ်ထားရှိသောကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ အဆင့်ဆင့်ရရှိအောင် ဆောင်ရွက်ကြရန်နှင့် Professional Enginner များဖြစ်အောင် ကြိုးစားသွားကြစေလိုကြောင်း ထပ်ဆင့်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အရာထမ်းလောင်း အခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း ၁၀ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် သာလွှာဝတီလမ်းရှိ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၌ကျင်းပရာ မြန်မာနိုင်ငံစက်မှုလက်မှုသမိုင်းပြုစုရေးဦးစီး ကော်မတီနာယက စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းတက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် တက်ရောက်လာသူများမှ မြန်မာနိုင်ငံစက်မှုလက်မှုသမိုင်းတွင် ပါဝင်ရမည့်အချက်များ၊ ထပ်မံဖြည့်တင်းသင့်သည်များ၊ အထောက်အထားပိုမိုပြည့်စုံရေးအတွက် ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စများကို အပြန်အလှန်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

*မျက်နှာဖုံးမှ -*

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) အား ကြည့်ရှုစစ်ဆေး

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဩဂုတ်လ ၁၃ ရက်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးမျိုးအောင်နှင့်အတူ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်ရှိ အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) သို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ စက်ရုံမှူးနှင့်တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်သော စီမံကိန်းဖြစ်ပြီး မူလလည်ပတ်ပြီး Phase-1 အား ပြန်လည်လည်ပတ်နိုင်ရေးအတွက် မြေပြင်တွင်လက်တွေ့ဆောင်ရွက်နေသည့်အခြေအနေများကို လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြစ်ကြောင်း၊ Phase-1 လည်ပတ်နိုင်ရေးနှင့်ဝယ်ယူပြီး စက်ပစ္စည်းများ အမိုးအကာအောက်ရောက်ရှိရေးအတွက် ခွင့်ပြုဘဏ္ဍာငွေအသုံးစရိတ်များကို အကျိုးရှိထိရောက်စွာသုံးစွဲကြရန်၊ ပြည်လည်ဖြည့်ဆည်းပေးရမည့် ကျွမ်းကျင်မှုအဆင့်အလိုက် ဝန်ထမ်းလိုအပ်ချက်များကိုလည်း အချိန်မီရရှိရေး ကြိုးပမ်းဆောင်ရွက်နိုင်ရန်၊ စီမံကိန်းလုပ်ငန်းများအား စီးပွားရေးဆိုင်ရာစီမံချက်များ ရေးဆွဲဆောင်ရွက်ရန်နှင့်စီမံချက်ပါအတိုင်း ပြီးစီးအောင်ဆောင်ရွက်ရန်၊ ထုတ်ကုန်များနှင့်ပတ်သက်၍ ဈေးကွက်သုတေသနလုပ်ငန်းများကို အမြဲမပြတ်လေ့လာဆောင်ရွက်ထားရန်၊ မိမိထုတ်ကုန်ပစ္စည်းများအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီထုတ်လုပ်ကြရန်၊ ပြည်ပမှတင်သွင်းလျက်ရှိသည့် သံ၊ သံမဏိများနှင့်ယှဉ်ပြိုင်ရောင်းချနိုင်ရေး ကြိုတင်စီမံတွက်ချက်ထားရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောကုန်ကြမ်းများကိုလည်း ကြိုတင်စုဆောင်းထားရန်၊ သံနှင့်သံမဏိစက်မှုထုတ်ကုန်လုပ်ငန်းအတွက် လျှစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ကြိုတင်စီမံထားရန်၊ အိမ်နီးချင်းနိုင်ငံများ၏သံမဏိထုတ်လုပ်သည့်လုပ်ငန်းများကိုလည်း လေ့လာသုံးသပ်ရန်၊ စက်ရုံ၌စက်မှုလက်မှုလုပ်ငန်းဆိုင်ရာ သိပ္ပံ၊ အင်ဂျင်နီယာနည်းပညာများ တိမ်ကောပျောက်ပျက်မှုမရှိစေရန်အတွက် ဆင့်ပွားသင်တန်းများနှင့်ဆွေးနွေးပွဲများပြုလုပ်နိုင်ရေး စီမံဆောင်ရွက်ရန်၊ စက်ရုံရှိတပ်ဆင်ပြီးနှင့် ဝယ်ယူသိုလှောင်ထားသည့် စက်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးထိန်းသိမ်းမှုလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန်၊ မီးဘေးအန္တရာယ် မဖြစ်ပေါ်နိုင်စေရေးအတွက် မီးငြိမ်းသတ်သည့်အထောက်အကူပြုပစ္စည်းများအား အသင့်ထားရှိရန်၊ နိုင်ငံတော်၏လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရေးနှင့် စီးပွားဖြစ်ထုတ်လုပ်နိုင်ရေးအတွက် တာဝန်ရှိသူအင်ဂျင်နီယာများအနေဖြင့် အင်ဂျင်နီယာစီးပွားရေးနှင့် စက်မှုလုပ်ငန်းစီးပွားရေးဥပဒေများအပေါ် အခြေခံသောစီးပွားရေးတွက်ခြေကိုက်စွာ ထုတ်လုပ်မှုအစီအမံများ ချမှတ်ဆောင်ရွက်ကြရန်နှင့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပီသစွာဖြင့် နိုင်ငံတော်အကျိုး၊ ပြည်သူလူထုအကျိုးတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သော ဝန်ထမ်းများအဖြစ် ဂုဏ်ယူဝင့်ကြွားစွာတာဝန်ထမ်းဆောင်ကြရန် လမ်းညွှန်မှာကြားခဲ့သည်။



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ)အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝယ်ယူပြီးစက်ပစ္စည်းများ အမိုးအကာအောက်သို့ သိုလှောင်ထားရှိနိုင်ရေးအတွက် တည်ဆောက်လျက်ရှိသည့် Cold Mill Complex နှင့်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဩဂုတ်လ ၂၇ ရက်နေ့ နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်ရှိ ဆေးဝါးစက်ရုံ (အင်းစိန်) သို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ စက်ရုံမှူးနှင့်တာဝန်ရှိသူများက (၄) လပတ်ကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ စက်ရုံသမိုင်းပြခန်းတည်ဆောက်ရန်ဆောင်ရွက်နေမှုနှင့် ခင်းကျင်းပြသမည့်အစီအမံတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စက်ရုံအနေဖြင့် လုပ်ငန်းတာဝန်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊ စီမံကိန်းလုပ်ငန်းများ စတင်ဆောင်ရွက်လျှင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်အသေးစိတ်တို့ကို စနစ်တကျစိစစ်သုံးသပ်၍ဆောင်ရွက်ရန်၊ စက်ရုံအနေဖြင့် ပြည်သူလူထုအတွက် လိုအပ်သောအခြေခံဆေးဝါးများထုတ်လုပ်နေခြင်းဖြစ်၍ လုပ်ငန်းတာဝန်များကို အလေးအနက်ထားဆောင်ရွက်ရန်နှင့် ဝန်ထမ်းများမှလည်း မိမိတို့၏ဆောင်ရွက်ချက်များကို တန်ဖိုးထားမြှင့်တင်နိုင်အောင် ရှင်းလင်းဆွေးနွေးရန်၊ မျိုးဆက်သစ်များအား ကောင်းမွန်သည့်အမွေများ လက်ဆင့်ကမ်းပေးနိုင်အောင် စီမံဆောင်ရွက်ရန်၊ ဝန်ကြီးဌာနများ၏အမှာစာများအား အချိန်မီထုတ်လုပ်ပေးပို့နိုင်ရေး အလေးထားဆောင်ရွက်ရန်၊ မမျှော်မှန်းနိုင်သည့် စိန်ခေါ်မှုများအတွက် ကြိုတင်တွေးဆ၍ ဖြေရှင်းနိုင်မည့်နည်းလမ်းများကိုပါ ရှာဖွေထားရန်၊ အင်ဂျင်နီယာစီးပွားရေးနှင့် စက်မှုစီးပွားရေးတို့၏ ဥပဒေသများကိုလေ့လာ၍ ပေါင်းစပ်လိုက်နာဆောင်ရွက်ရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို နေ့စဉ်စောင့်ကြည့်၍ အခက်အခဲများရှိပါက ချက်ချင်းဖြေရှင်းဆောင်ရွက်နိုင်ရေး စီမံထားရန်၊ ကုန်ထုတ်လုပ်မှုဆောင်ရွက်နေသည့် ဝန်ထမ်းများ၏အရည်အသွေးနှင့် အသိပညာများတိုးတက်မြင့်မားရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများကျင်းပပေးရန်၊ စက်ရုံရှိဝန်ထမ်းများ လုပ်ငန်းခွင်ပျော်ရွှင်ရေးအတွက် ပတ်ဝန်းကျင်ကောင်းများရှိအောင် ဖန်တီးပေးရန်၊ စက်ရုံရှိ ရှိပြီးနည်းပညာများ တိမ်ကောပျောက်ပျက်မှု မရှိစေရေး လက်ဆင့်ကမ်းလေ့ကျင့်သင်ကြားပေးရန်နှင့် မျိုးဆက်သစ်ပညာရှင်များ၊ နည်းပညာရှင်များ၊ ကျွမ်းကျင်သူများမွေးမြူနိုင်ရေး စီမံဆောင်ရွက်ရန်၊ လုပ်ငန်းတာဝန်များကို အဂတိတရားကင်းကင်းဖြင့်ဆောင်ရွက်ရန်၊ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် တွေ့ကြုံရမည့်စိန်ခေါ်မှုများကို စုပေါင်းအားဖြင့် ဝိုင်းဝန်းဖြေရှင်းဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ အမှတ် (၂၄) အကြီးစားစက်ရုံ (ဒဂုံ) သို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ စက်ရုံမှူးက စက်ရုံဆိုင်ရာအချက်အလက်များကိုရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စက်ရုံ၌ရှိပြီးအရင်းအမြစ်များအား အကျိုးရှိစွာအသုံးချနိုင်ရေး စီမံဆောင်ရွက်ရန်၊ မြေ၊ အဆောက်အဦ၊ စက်နှင့်စက်ပစ္စည်းစသည့်ပုံသေပိုင်ပစ္စည်းများကို စနစ်တကျစီမံခန့်ခွဲဆောင်ရွက်ထားရန်၊ ဝန်ထမ်းများ၏အရည်အသွေးတိုးတက်မြင့်မားစေရေးအတွက် စီမံချက်များရေးဆွဲဆောင်ရွက်ရန် လမ်းညွှန်မှာကြားပြီး စက်ရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဩဂုတ်လ ၂၈ ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သဃ်န်းကျွန်းမြို့နယ်ရှိ ရာဘာပစ္စည်းစက်ရုံခွဲ (သဃ်န်းကျွန်း) သို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ စက်ရုံမှူးက စက်ရုံဆိုင်ရာအချက်အလက်များနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စက်မှုလုပ်ငန်းများအတွက် ရာဘာထုတ်ကုန်ပစ္စည်းများသည် မရှိမဖြစ်လိုအပ်သဖြင့် ထုတ်ကုန်အမယ်သစ်များထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ရန်၊ ရာဘာပစ္စည်းထုတ်လုပ်မှုခေတ်မီနည်းပညာများ ရရှိရေး လေ့လာသင်ယူသွားရန်၊ စက်ရုံမှရာဘာပစ္စည်းထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊ စက်ရုံမှထုတ်လုပ်သည့် ရာဘာထုတ်ကုန်ပစ္စည်းများအား သုံးစွဲသူပြည်သူများ သိရှိအောင်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားပြီး စက်ရုံအတွင်း၌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ မှာယူထားသည့် ရာဘာ Fender များ ထုတ်လုပ်နေမှုလုပ်ငန်းစဉ်အဆင့်ဆင့်နှင့် စက်ရုံမှထုတ်လုပ်ထားရှိသည့် ရာဘာထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ***(ပုံ)***



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အင်းစိန်မြို့နယ်ရှိ ဆေးဝါးစက်ရုံ (အင်းစိန်) သို့သွားရောက်ပြီး စက်ရုံသမိုင်းပြခန်း

***စာမျက်နှာ ၁၃ သို့-***

# အင်ဂျင်နီယာပညာရှင်များအနေဖြင့် သင်တန်းမှပို့ချသည့်သင်ခန်းစာများကို စနစ်တကျလေ့လာမှတ်သားပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိထိရောက်စွာအသုံးချနိုင်ရေးကြိုးစား





အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ ဘောဂဗေဒဘာသာရပ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်၊ ရုံးအမှတ် (၃၀) စက်မှုဝန်ကြီး ဌာနအစည်းအဝေးခန်းမ၌ စက်တင်ဘာလ ၁ ရက်နေ့ နံနက်ပိုင်း တွင်ကျင်းပခဲ့ရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းတက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးက အင်ဂျင်နီယာ များသည် အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ ဘောဂဗေဒဘာသာရပ်ကို မဖြစ်မနေသိရှိနားလည်ပြီး လက်တွေ့ကျင့်သုံးဆောင်ရွက်ရန် အရေး ကြီးကြောင်း၊ ထို့ကြောင့် အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ ဘောဂဗေဒ ဘာသာရပ်ကို သင်တန်းပို့ချနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(ပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ချက်များ၊ Guideline များကို သိရှိနားလည်ပြီး လက်တွေ့ကျင့်သုံးနိုင်မည့် ISO 9004:2018 Quality Mangement System ဆိုင်ရာ သင်တန်းနှစ်ကြိမ် ကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ဖွင့်လှစ်ခဲ့ကြောင်း၊ အင်ဂျင်နီယာပညာရှင်များအနေဖြင့် သင်တန်းမှပို့ချသည့်သင်ခန်း စာများကို စနစ်တကျလေ့လာမှတ်သားပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိထိရောက်စွာအသုံးချနိုင်ရေး ကြိုးစားကြရန်တိုက်တွန်းလို ကြောင်း ပြောကြားသည်။ ဆက်လက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့် ရန်ကုန် တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်းတို့က အင်ဂျင်နီယာ လုပ်ငန်းဆိုင်ရာ ဘောဂဗေဒဘာသာရပ်ကိုသင်ကြားပေးရန် သင်တန်းဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့မှု၊ ဝန်ကြီးဌာနများ အတွက် လိုအပ်သောသင်တန်းများဖွင့်လှစ်ပေးရန် ပြင်ဆင်ဆောင် ရွက်ထားမှုတို့ကို ရှင်းလင်းပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

***အဆိုပါသင်တန်းတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဆောင်ရွက်နိုင်စေရန် အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ ဘောဂဗေဒဘာသာရပ်ကို တစ် ပတ်လျှင် သင်ကြားချိန် ၄ နာရီဖြင့် ၁၀ ပတ်ကြာ Online မှ သင်ကြားပို့ချပေးခဲ့ကြောင်း သတင်းရရှိသည်။***

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ညွှန်ကြား ရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူ များတက်ရောက်ကြပြီး စက်ရုံမှူးများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနများနှင့် တာဝန်ရှိသူ များက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

**သတင်းစဉ်**

---

**စာမျက်နှာ ၁၂ မှ-**

ပြုလုပ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှုအခြေအနေ၊ ယခင်က ဆေးဝါးထုတ်လုပ်ခဲ့သည့် စက်ပစ္စည်းများ ခင်းကျင်းထားမှုအခြေ အနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး **(ပုံ)** စက်ရုံသမိုင်းပြခန်း



အား လေ့လာကြည့်ရှုမည့်ပြည်သူများ စိတ်ဝင်တစားဖြင့် ကြည့်ရှု လေ့လာ နိုင်ရေးစီမံထားရန်၊ စက်ပစ္စည်းများအား ယခုထက်ပိုမို ပြည့်စုံစွာခင်းကျင်းပြသနိုင်ရေး စီမံဆောင်ရွက်ရန်လမ်းညွှန်မှာကြား သည်။ ပြည်ထောင်စုဝန်ကြီးသည် ဆေးဘူးခွံများထုတ်လုပ်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

မျက်နှာဖုံးမှ -

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်ရုံများအား လှည့်လည်စစ်ဆေး

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်စက်မှုနယ်မြေရှိ ပလတ်စတစ်စက်ရုံ (ကျောက်ဆည်) သည် ယခင်က ပြည်တွင်းဘိလပ်မြေစက်ရုံများအတွက် လိုအပ်သော အိတ်ခွံများကို ထုတ်လုပ်ပေးခဲ့ပြီး ယခုအခါ ဘိလပ်မြေစက်ရုံများသည် ပလတ်စတစ်စက်ရုံ (ကျောက်ဆည်) မှထုတ်လုပ်သည့် အိတ်ခွံများအား သုံးစွဲခြင်းမရှိတော့၍ ထုတ်လုပ်မှုလုပ်ငန်းများ ရပ်ဆိုင်းထားခဲ့ရသဖြင့် စက်ရုံအား ပုဂ္ဂလိကနှင့်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပိုမိုအကျိုးရှိနိုင်ရန်အတွက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် စက်တင်ဘာလ ၁၁ ရက်နေ့တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံပိုင်မြေ၊ အဆောက်အဦ၊ ပရိဘောဂ၊ စက်နှင့်စက်ပစ္စည်းတို့နှင့်ပတ်သက်သည့် ပုံသေပိုင်ပစ္စည်းများ စီမံခန့်ခွဲမှုကို စနစ်တကျဆောင်ရွက်ထားရန်၊ စက်ရုံအနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်စဉ် နိုင်ငံတော်အတွက် အကျိုးအမြတ်ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည့်စက်ရုံဖြစ်ကြောင်း၊ ယခင်က နိုင်ငံပိုင်စက်ရုံများအား အလုပ်အကိုင်ရရှိရေး ဝင်ငွေမျှတမှုရှိရေးနှင့် ဒေသဖွံ့ဖြိုးရေးစသည့်ရည်ရွယ်ချက်များ ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားနှင့် ပုဂ္ဂလိကကဏ္ဍမှနည်းပညာလက်လှမ်းမမီနိုင်သည့် စက်ရုံအလုပ်ရုံများကိုသာ နိုင်ငံပိုင်အဖြစ်ဆက်လက်လည်ပတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပုဂ္ဂိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်တွင်းကုန်ထုတ်လုပ်မှု တိုးတက်စေရေးအတွက် စက်ရုံအား ပုဂ္ဂလိကနှင့်ပူးပေါင်းဆောင်ရွက်နိုင်ပါက ပိုမိုအကျိုးရှိနိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်းထုတ်လုပ်မှုတိုးတက်လာသည်နှင့်အမျှ ပြည်ပသွင်းကုန်အစားထိုးနိုင်၍ နိုင်ငံခြားငွေအသုံးပြုရမှုသက်သာခြင်း၊ ပြည်တွင်းလိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ခြင်း၊ နည်းပညာများရရှိခြင်း၊ ဒေသခံပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ စက်ရုံနှင့်ဆက်စပ်ဆောင်ရွက်သည့် လုပ်ငန်းများဖွံ့ဖြိုးလာခြင်းစသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း ပြောကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပလတ်စတစ်စက်ရုံ (ကျောက်ဆည်) အား ၂၀၀၁ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၄ ခုနှစ်မှစ၍ စီးပွားဖြစ်ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ စက်ရုံမှ ဘိလပ်မြေအိတ်ခွံစက္ကူပါနှင့် ဘိလပ်မြေအိတ်ခွံစက္ကူမပါတို့ကို ထုတ်လုပ်ခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်မှ ခရိုင်များထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့သဖြင့် ခရိုင်ဆေးရုံများ ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သောဆေးရုံသုံးပရိဘောဂပစ္စည်းများအား အချိန်မီထုတ်လုပ်ပေးပို့နိုင်ရေးအတွက် ဆေးရုံသုံးခုတင်များ ထုတ်လုပ်နေသည့်အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု) သို့ ရောက်ရှိပြီး စက်ရုံမှထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းများကို စက်ရုံ၌ထုထောင်ထားရှိသည့် အရည်အသွေးစီမံခန့်ခွဲမှုစနစ်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊ ဆေးရုံသုံးပရိဘောဂများအား ရေရှည်အသုံးပြုနိုင်အောင် စနစ်တကျစီမံဆောင်ရွက်ရန်နှင့် လက်ရာသေသပ်ကောင်းမွန်အောင် အထူးအလေးထားဆောင်ရွက်ရန်၊ အရည်အသွေးမီထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးကြိုးစားဆောင်ရွက်ရန်၊ မိမိထုတ်ကုန်ပစ္စည်းများအား ဈေးကွက်အတွင်း၌ ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက် တစ်ယူနစ်ထုတ်လုပ်မှုစရိတ်လျော့နည်းစေရေး အလေအလွင့်မရှိအောင် ကြပ်မတ်ဆောင်ရွက်ရန်၊ အရည်အသွေးမီ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် ဝန်ထမ်းများ၏စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းစဉ်များကိုလည်း စီမံချက်များရေးဆွဲဆောင်ရွက်ရန် ထုတ်လုပ်မှုဆောင်ရွက်နိုင်ရန်အတွက်လည်း စီမံချက်များ ရေးဆွဲဆောင်ရွက်ကြရန်နှင့်လိုအပ်သောကုန်ကြမ်းများ၊ ဆက်စပ်ပစ္စည်းများဝယ်ယူရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အရည်အသွေးမီစွာ ဖြည့်ဆည်းနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျမှန်မှန်ကန်ကန် စီမံဆောင်ရွက်ကြရန်၊ ဆေးရုံသုံးခုတင်များနှင့် အခြားဆေးရုံသုံးပစ္စည်းများ ထုတ်လုပ်နေမှုအခြေအနေတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးမှ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(ပုံ)**



စာမျက်နှာ ၁၅ သို့-

# ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ရေး ညှိနှိုင်းအစည်းအဝေးနှင့် စက်မှုဝန်ကြီးဌာနရှိ အရာထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ပြည်တွင်း၌ ပြည်သူလူထုအတွက် လိုအပ်သောဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရေးညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာလ ၂၀ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အမှာစကားပြောကြားသည်။ *(ပုံ)*



အစည်းအဝေးသို့တက်ရောက်လာသည့် ဦးစီးဌာန/စက်မှုလုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများက ဩဂုတ်လအတွင်း လုပ်ငန်းဆောင်ရွက်မှု၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ထားရှိထားမှု၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်ရေးနည်းပညာများ ဖြန့်ဝေပေးခဲ့မှု၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားသည်။

မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာနအတွင်းရှိ အရာထမ်းများ၏စွမ်းဆောင်ရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းအဖွဲ့အစည်းအတွင်း တာဝန်ခံမှု၊ တာဝန်ယူမှု၊ ပေါင်းစပ်ညှိနှိုင်းမှုတို့နှင့်ပတ်သက်၍လည်းကောင်း၊ အဖွဲ့အစည်းအတွင်း ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ခြင်းသည် မူဝါဒနှင့်အုပ်ချုပ်ရေးစွမ်းဆောင်နိုင်မှုအားကောင်းရန် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကိုလည်းကောင်း၊ အဖွဲ့အစည်းတစ်ခုတွင် 7S ဖြစ်သည့် မဟာဗျူဟာ၊ ဖွဲ့စည်းတည်ဆောက်ပုံ၊ စနစ်များ၊ ခေါင်းဆောင်မှု၊ အတူထားရှိကြသောတန်ဖိုးများ၊ ကျွမ်းကျင်မှု၊ ဝန်ထမ်းရေးရာတို့နှင့်ပတ်သက်၍လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းများ၏ လုပ်ရည်ကိုင်ရည်မူဘောင်ကိုလည်းကောင်း၊ အရာထမ်းများအတွက် ကျွမ်းကျင်မှုမူဘောင် (၁၀) ချက်တို့ကိုလည်းကောင်း၊ ဝန်ထမ်းအဖွဲ့အစည်းအတွင်းစိတ်ဓာတ်နှင့်အမူအကျင့်သစ်များထူထောင်ရေး ဆောင်ရွက်သင့်သည့် အဆင့် (၆) ဆင့်ကိုလည်းကောင်း၊ ဝန်ထမ်းအဖွဲ့အစည်းအတွင်း စွမ်းဆောင်ရည်တိုးမြှင့်စေရေး ဆောင်ရွက်ရမည့်စွမ်းဆောင်မှုနယ်ပယ်သုံးခုနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက သိလိုသည်များကိုမေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားသည်။ အစည်းအဝေးတွင် စာရင်းအင်းကောင်စီ၊ ဆေးကောင်စီနှင့်အင်ဂျင်နီယာကောင်စီတို့မှ အသိအမှတ်ပြုလက်မှတ်များရရှိထားကြသည့် အထွေထွေမန်နေဂျာများက သက်ဆိုင်ရာကောင်စီများမှ သတ်မှတ်ရေးဆွဲထုတ်ပြန်ထားသော လိုက်နာစောင့်ထိန်းရမည့်ကျင့်ဝတ်များနှင့် ကျွမ်းကျင်မှုဆိုင်ရာသတ်မှတ်ချက်များကိုရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

***စာမျက်နှာ ၁၄ မှ-***

အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု) အနေဖြင့် ပြည်တွင်း၌ လိုအပ်လျက်ရှိသော အိမ်သုံးစတီးလ်ပစ္စည်းအမျိုးမျိုး၊ ဆေးရုံသုံးပရိဘောဂပစ္စည်းအမျိုးမျိုးနှင့် ခွဲစိတ်ခန်းသုံး ပစ္စည်းများ၊ Steel Pipe အမျိုးမျိုး၊ ပလတ်စတစ်ပစ္စည်းအမျိုးမျိုးတို့ကို ထုတ်လုပ်ပေးလျက်ရှိပြီး အဆိုပါထုတ်ကုန်များအား ဝန်ကြီးဌာန ထုတ်ကုန်အရောင်းပြခန်းများတွင် ရောင်းချပေးလျက်ရှိသည့်အပြင် ဝန်ကြီးဌာနအဖွဲ့အစည်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ကြိုက်နှစ်သက်ရာပုံစံများအတိုင်း ထုတ်လုပ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်မှုသင်တန်းကျောင်းနှင့် ဦးစီးဌာနတို့အား
# ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် ကြည့်ရှုစစ်ဆေး



ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် အမှတ် (၂) စက်မှုသင်တန်းကျောင်း(မန္တလေး) အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးစဉ်။

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် စက်တင်ဘာလ ၂၀ ရက်နေ့ နံနက်ပိုင်းက အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) သို့ရောက်ရှိရာ သင်တန်းကျောင်းအစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီးနှင့်တာဝန်ရှိသူများက စက်မှုဝန်ကြီးဌာနရှိ စက်မှုသင်တန်းကျောင်း ၈ ကျောင်း၏သမိုင်းအကျဉ်း၊ သင်တန်းကျောင်းများ၏ ဆောင်ရွက်ခဲ့မှုအခြေအနေနှင့် ယခုလက်ရှိဆောင်ရွက်နေမှုအခြေအနေ၊ အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) အဆင့်မြှင့်တင်ရေးဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက အသစ်ဖွင့်လှစ်မည့် အမှတ် (၇) စက်မှုသင်တန်းကျောင်း (မုံရွာ)နှင့် အမှတ် (၈) စက်မှုသင်တန်းကျောင်း (သထုံ) တို့အား သတ်မှတ်လျာထားသည့်အချိန်တွင်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊ နည်းပြလေ့ကျင့်ရေးသင်တန်းကျောင်း (မန္တလေး) စီမံကိန်းများ၏အချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ အလေးထားတင်ပြရန်၊ တရုတ်နိုင်ငံသို့ နည်းပညာသင်တန်းစေလွှတ်မည့် သင်တန်းနည်းပြများအား သက်ဆိုင်ရာဘာသာရပ်အလိုက် စနစ်တကျရွေးချယ်စေလွှတ်နိုင်ရေး စီမံဆောင်ရွက်ရန်၊ သင်တန်းကျောင်းအား အဆင့်မြှင့်တင်ခြင်း စီမံကိန်းဆောင်ရွက်မည့်အစီအစဉ်ကို Project Management Schedule ရေးဆွဲတင်ပြရန်၊ အဆင့်မြှင့်တင်ခြင်းဆောင်ရွက်ပြုလုပ်မည့် အလုပ်ရုံများအတွင်းမှ စက် ၃၃ လုံးအား ပြန်လည်ပြုပြင်ထားရန်နှင့် ဝန်ကြီးဌာနအတွင်းရှိ လိုအပ်သည့်ဌာနများ၌ သုံးစွဲနိုင်ရေးအတွက် ၎င်းစက်များနှင့်ပတ်သက်သည့် အချက်အလက်များ၊ စက်များအား ပြန်လည်သုံးစွဲ၍ ရရှိနိုင်မှုအခြေအနေများအား စိစစ်ပြုစုတင်ပြရန်၊ စက်မှုဝန်ကြီးဌာန၏သင်တန်းကျောင်းများသည် ကောင်းမွန်သောပုံရိပ်ရှိပြီး နိုင်ငံပိုင်စက်ရုံအလုပ်ရုံများ၏ အင်အားဖြစ်စေရေး အလေးထားဆောင်ရွက်ရန်၊ မန္တလေးစက်မှုသင်တန်းကျောင်း၏ ကောင်းမွန်သည့် အစဉ်အလာကောင်းများအား ကျောင်းအုပ်ကြီးဦးဆောင်သော ဝန်ထမ်းအားလုံးက ဆက်လက်ထိန်းသိမ်းသွားရန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအကူအညီဖြင့်ဆောင်ရွက်နေသည့် သင်တန်းကျောင်းအဆင့်မြှင့်တင်ခြင်း စီမံကိန်း အောင်မြင်စွာပြီးမြောက်နိုင်ရေး ဝန်ထမ်းအားလုံးက စည်းလုံးညီညွတ်စွာပူးပေါင်းဆောင်ရွက်ရန်၊ သင်တန်းကျောင်းများတွင် တာဝန်ထမ်းဆောင်နေသည့်ဆရာ/ဆရာမများအနေဖြင့် သင်တန်းသားများ၏ စံပြနမူနာဖြစ်အောင်ပြုမူနေထိုင်ရန် လမ်းညွှန်မှာကြားပြီး ဂျပန်ဘာသာစကားသင်တန်းပို့ချနေမှုအခြေအနေများ၊ ဓာတ်ခွဲခန်းများ၊ Exhibition Room၊ အဆင့်မြှင့်တင်ခြင်းစီမံကိန်းအလုပ်ရုံသစ် တည်ဆောက်နေမှု၊ အကြီးစားပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် အလုပ်ရုံ ၃ ရုံနှင့်သင်ထောက်ကူပစ္စည်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနသို့ ရောက်ရှိပြီး တိုင်းဒေသကြီးဦးစီးမှူးက ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ် ဧပြီလမှသြဂုတ်လအထိ ဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဘွိုင်လာများစစ်ဆေးခဲ့မှု၊ လျှပ်စစ်စစ်ဆေးခဲ့မှု၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ၊ MSME များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခဲ့မှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဘွိုင်လာ၊ လျှပ်စစ်စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်လျက် PPE ဝတ်စုံနှင့်အတူ စစ်ဆေးရေးကိရိယာများ ပြည့်ပြည့်စုံစုံယူဆောင်သွားရန်၊ ဝန်ထမ်းများလုပ်ငန်းတာဝန်များကို ထက်မြက်စွာဖြင့် ကိုယ်အားကိုယ်ကိုးပြီး ဆောင်ရွက်ကြရန်၊ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတည်ပြုပြဋ္ဌာန်းထားသည့် စက်မှုဇုန်ဥပဒေနှင့်အညီ ကြပ်မတ်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ ဝန်ထမ်းများ၏တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

■